ARAKAN LIBERATION PARTY

(Liberty) (Equality) (Fraternity)

# ၄၁–နှစ်မြောက် စစ်တွေဆန်ပြဿနာနိ ထုတ်ပြန်ကြေငြာချက်

ဂနိသည် ရခိုင်ပြည်သူများထမင်းဝတ်၍ ဆန်တောင်းသည်ကို နေဝင်းဦးဆောင်သည့် ဗမာစစ်တပ်က ကျည်ဆံပီးသဖြင့် စစ်တွေမြို့တွင် ရခိုင်ပြည်သူ (၃၀၀) ကျော် အသက်ဆုံးရှုံးခဲ့ရသည့် ဝမ်းနည်းကြေကွဲဖွယ်နိတနိပင်ဖြစ်သည်။

ဗမာရို့ ရခိုင်ပြည်ကို စတင်ကျူးကျော်သိမ်းပိုက်စိုင်ကပင် ဗမာလက်ချက်ကြောင့် အစုလိုက်အပြုံလိုက်သီဆုံးလားခကတ်သည့် ရခိုင်ပြည်သူ သိန်းသန်းချီဟိခပြီးဖြစ်သည့်အထဲမှ ဤစစ်တွေမြို့တွင်ဆန်တောင်း၍ပစ်သတ်ခံရမှုမှာ အင်္ဂလိပ် လက်အောက်က လွတ်လပ်ရေးရပြီးနောက်ပိုင်း ဗမာလက်ချက်ကြောင့် ရခိုင်ရို့အစုလိုက်အပြုံလိုက် အသတ်ခံသီဆုံးရသည့် အဖြစ်အပျက်များစွာထဲမှ အထင်ရှားဆုံးတခုပင်ဖြစ်ပါသည်။ ယင်းကြောင့် ဤနိကို ရခိုင်သားရို့ မိပျောက်၍ မရနိုင်ကတ်ပါ။

အထက်ပါကဲ့သို့ အစုလိုက်အပြုံလိုက် ရခိုင်ပြည်သူများ ဗမာထံတွင် အသတ်ခံနီကတ်ရခြင်းများသည် ရခိုင်ရို့ ကျွန်ဖြစ်နိန်ကတ်ရခြင်း၏ နောက်ဆက်တွဲအကျိုးရလာဒ်များပင်ဖြစ်သည်။

ယင်းကြောင့် အလားတူဖြစ်ရပ်ဆိုးများဆက်လက်မဖြစ်ရအောင် ရခိုင်ရို့လက်ထဲသို့ ရခိုင့်အချုပ်အချာအာဏာ အယင်ဆုံးပြန် ရောက်ရေးသည် ဂနိလက်ဟိ ရခိုင်သားရို့မဖြစ်မနိန် လုပ်ဆောင်ကတ်ရမည့် သမိုင်းပီးတာဝန် တရပ်ပင်ဖြစ်ပါကြောင်း အကျွန်ရို့၏သဖောထားကိုထုတ်ပြန်ကြေငြာအပ်ပါသည်။

စည်းရုံးရေးနှင့်ပြန်ကြားရေးဌာန
ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

ရက်စွဲ။ ဩဂုတ်လ (၁၃)ရက်၊ ၂၀၀၈ ခု
ဆက်သွယ်ရန်။ +91 9859293153